ကန့်သတ်

# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ (၁၃.၆.၂၀၁၉)ရက်နေ့တွင် ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ အစီရင်ခံစာ ဖတ်ကြားတင်ပြခြင်း

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးအောင်ထွဏ်း၊ ဥပဒေပြုရေးဆိုင်ရာ ကော်မတီဝင်။** အားလုံးမင်္ဂလာပါ ခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များ၊ လာရောက်လေ့လာသူများအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းများနှင့် ပြည့်စုံပါစေလို့ ရှေးဦးစွာ ဂါဝရပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီဝင် ဦးအောင်ထွဏ်း ဖြစ်ပါတယ်။ ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းလာသည့် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းအပေါ် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီက စိစစ်သုံးသပ်တင်ပြလာသည့် အစီရင်ခံစာအား ကော်မတီကိုယ်စား ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသည့် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းအပေါ် ရှမ်းပြည်နယ်လွှတ်တော်ဥပဒေပြု ရေးဆိုင်ရာကော်မတီမှ သုံးသပ်တင်ပြသည့် အစီရင်ခံစာ။ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော်(၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့) (၁၀.၆.၂၀၁၉)ရက်နေ့၌ ရှမ်း ပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသည့် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းအပေါ် ပြည်နယ်လွှတ်တော်က နည်းဥပဒေ ၁၃၆(ခ)(၃)အရ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီသို့ လွှဲအပ်ပေးပို့လာ

ပါသဖြင့် နည်းဥပဒေ ၆၄ နှင့်အညီ ကော်မတီကြားနာပွဲကို (၁၁.၆.၂၀၁၉) ရက်နေ့နှင့် (၁၂.၆.၂၀၁၉)ရက်နေ့များတွင် ရှမ်းပြည်နယ်လွှတ်တော်ဥပဒေပြုရေးဆိုင်ရာ ကော်မတီဝင်များ၊ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီဝင်များနှင့် ဌာနဆိုင်ရာ များအား ခေါ်ယူကြားနာခဲ့ပြီး ဤအကြံပြုချက် အစီရင်ခံစာကို နည်းဥပဒေ ၆၆ နှင့်အညီ ပြုစုတင်ပြခြင်း ဖြစ်ပါတယ်။

## လေ့လာတွေ့ရှိချက်

ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၂ တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းပါ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသည့် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းကို ဒုတိယ အကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၀.၆.၂၀၁၉)ရက်နေ့ (ပထမနေ့)၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး၌ ရှမ်းပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ဖြည့်စွက်ခွင့်ပြုငွေကျပ် ၁,၇၄၅၁.၅၆၇ သန်းကို အတည်ပြုခဲ့ပြီး ဒုတိယသမ္မတစိစစ်ချက်အရ ငွေကျပ် ၉,၁၈၄.၁၈၇ သန်း စိစစ် လျှော့ချခဲ့သဖြင့် ဖြည့်စွက်ခွင့်ပြုငွေမှာ ကျပ် ၈,၂၆၇.၃၈၀ သန်းဖြစ်ကြောင်း တွေ့ရှိ ရပါတယ်။

ဥပဒေကြမ်းတွင် အခန်းပေါင်း(၂)ခန်း၊ ပုဒ်မပေါင်း(၃)ခု ပါဝင်ပြီး ဤကော်မတီ၏ စိစစ် တွေ့ရှိချက်အရ နောက်ထပ်ခွင့်ပြုသည့် သုံးငွေတွင် ပြည်နယ်အစိုးရအဖွဲ့ သာမန်သုံးငွေ ကျပ် ၂၃၉.၁၃၉ သန်း၊ ငွေလုံးငွေရင်းသုံးငွေကျပ် ၁,၄၄၃.၈၈၈ သန်း၊ ပေါင်း ငွေကျပ် ၁,၆၈၃.၀၂၇ သန်း၊ ပြည်နယ်ဥပဒေချုပ် သာမန်သုံးငွေကျပ် ၉၃.၉၈၉ သန်း၊ ပြည်နယ်စာရင်းစစ်ချုပ် သာမန် သုံးငွေကျပ် ဝ.၂၁ဝ သန်း၊ စုစုပေါင်းငွေကျပ် ၁,၇၇၇.၂၂၆ သန်း သုံးစွဲခွင့်ပြုရန် လျာထား သည်ကို တွေ့ရှိရပါတယ်။

ပြည်နယ်အဆင့်ဦးစီးဌာနများ၏ သုံးငွေတွင် ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ဌာန(၂) ခု၏ သာမန်သုံးငွေကျပ် ၁၀.၀၅၂ သန်း၊ ငွေလုံးငွေရင်းသုံးငွေကျပ် ၉၈.၁၅၁ သန်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးအောက်ရှိ ဌာန(၁)ခု၏ ငွေလုံးငွေရင်းသုံးငွေကျပ် ၁၉၇.၈၃၃ သန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဌာန(၂)ခု၏ သာမန်သုံး ငွေကျပ် ၂၁၆.၅၀၀ သန်း၊ ငွေလုံးငွေရင်းသုံးငွေကျပ် ၁၇.၈၀၀ သန်း၊ သယံဇာတနှင့်

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအောက်ရှိ ဌာန(၂)ခု၏ သာမန်သုံးငွေကျပ် ၂၆.၃၉၂ သန်း၊ ကျန်းမာရေး နှင့် အားကစားဝန်ကြီးအောက်ရှိ ဌာန(၁)ခု၏ သာမန်သုံးငွေကျပ် ၄၆.၀၀၀ သန်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ ဌာန(၃)ခု၏ ငွေလုံးငွေရင်း သုံးငွေကျပ် ၁၇၁.၂၅၀ သန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အောက်ရှိ ဌာန(၁)ခု၏ ငွေလုံးငွေရင်း သုံးငွေကျပ် ၅.၀၀၀ သန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အောက်ရှိ ဌာန(၂)ခု၏ ငွေလုံးငွေရင်းသုံးငွေကျပ် ၂,၀၄၈.၆၁၅ သန်း၊ စုစုပေါင်းပြည်နယ် အဆင့်ဦးစီးဌာနများ၏ သာမန်သုံးငွေကျပ် ၂၉၈.၉၄၄ သန်း၊ ငွေလုံးငွေရင်းသုံးငွေကျပ် ၂,၅၃၈.၆၄၉ သန်း၊ စုစုပေါင်း ကျပ်၂,၈၃၇.၅၉၃ သန်း သုံးစွဲခွင့်ပြုရန် လျာထားသည်ကို တွေ့ရှိရပါတယ်။

ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ သုံးငွေတွင် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ ငွေလုံးငွေရင်းသုံးငွေကျပ် ၂,၄၇၇.၃၇၉ သန်း သုံးစွဲခွင့်ပြုရန် လျာထားသည်ကို တွေ့ရှိရပါတယ်။ စည်ပင်သာယာရေးအဖွဲ့များ၏ သာမန်သုံး ငွေကျပ် ၂၇၅.၁၈၂ သန်း၊ ငွေလုံးငွေရင်းသုံးငွေကျပ် ၉၀၀.၀၀၀ သန်း၊ စုစုပေါင်း ကျပ် ၁,၁၇၅.၁၈၂ သန်း သုံးစွဲခွင့်ပြုရန် လျာထားသည်ကို တွေ့ရှိရပါတယ်။

**သုံးသပ်အကြံပြုချက်**

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းအပေါ် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီမှ အောက်ပါအတိုင်း သုံးသပ်အကြံပြုအပ်ပါတယ်။ ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ်၊ ဖြည့်စွက်ခွင့်ပြုငွေ စာရင်း တောင်းခံသော ဌာန၊ အဖွဲ့အစည်းများအနေဖြင့် မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှု ဆိုင်ရာစည်းမျဉ်း အပိုဒ် ၅၆ အရ ဆောင်ရွက်ရန်၊ မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးဆိုင်ရာစီမံခန့်ခွဲမှု ဆိုင်ရာ စည်းမျဉ်းအပိုဒ် ၃၁၊ ၃၅၊ ၅၅(ခ) နှင့် ၅၅(င)တို့အရ အစားထိုးဆောင်ရွက်မည့် လုပ်ငန်းများကို မူလစီမံကိန်း လျာထားတောင်းခံစဉ် တင်ပြခဲ့သည့် လုပ်ငန်းများကိုသာ ဆောင်ရွက်ရန် ဌာန၊ အဖွဲ့အစည်းများအနေဖြင့် ဘဏ္ဍာငွေခွဲဝေသုံးစွဲရန်အတွက် စီမံကိန်း လျာထားရာတွင် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျှတမှုရှိစေရေး ဆောင်ရွက်ရန်၊ ဖြည့်စွက် ခွင့်ပြုငွေများအား လုပ်ငန်းသစ်များအတွက် လျာထားခြင်းမပြုဘဲ ဆောင်ရွက်ဆဲ လုပ်ငန်းများအပေါ်သာ လျာထားရေး ဂရုပြုဆောင်ရွက်ရန်၊ ဌာန၊ အဖွဲ့အစည်းများအနေဖြင့် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံရာတွင် သုံးစွဲမည့်လုပ်ငန်းများအား ကျိုးကြောင်းဖော်ပြချက် ပြည့်စုံစွာရှင်းလင်း

တင်ပြပေးရန်၊ ဖြည့်စွက်ခွင့်ပြုငွေများကို သုံးစွဲရာတွင် သတ်မှတ်ကာလအတွင်း လုပ်ငန်းများ ပြီးစီးရေး၊ သတ်မှတ် အရည်အသွေးပြည့်မီရေး၊ ဘဏ္ဍာရေးစည်းမျဉ်းနှင့် ညီညွတ်မှု ရှိစေရေး၊ ဘတ်ဂျက်ပိုလျှံမှု မရှိစေရေး ဂရုပြုသုံးစွဲဆောင်ရွက်ရန်။

**တင်ပြချက်**

ဥပဒေကြမ်းတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့အပါအဝင် ဗဟိုအဖွဲ့အစည်း(၃)ခု၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ(၁၄)ခု၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်း (၁)ခုနှင့် စည်ပင်သာယာရေးဌာန (၁)ခု တို့၏ သာမန်သုံးငွေကျပ် ၉၀၇.၄၆၄ သန်း၊ ငွေလုံးငွေရင်းသုံးငွေကျပ် ၇,၃၅၉.၉၁၆ သန်း၊ စုစုပေါင်း ကျပ် ၈,၂၆၇.၃၈၀ သန်း လျာထားသည်ကို စိစစ်တွေ့ရှိရပါသဖြင့် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီမှ သတ်မှတ်ဌာနအလိုက် သုံးစွဲရန်ဖြစ်သော ပြည်နယ်ဘဏ္ဍာငွေအား ကန့်ကွက်ရန် မရှိကြောင်းနှင့် လွှတ်တော်မှ အတည်ပြု ပေးနိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ရှိပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၈- ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေ သုံးစွဲရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး က ပြန်လည် ရှင်းလင်းဖို့နဲ့ ၎င်းဥပဒေကြမ်းအား အတည်ပြုပေးနိုင်ရန် လွှတ်တော်ကို တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး။** မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေခင်ဗျား။ ကျွန်တော်တို့ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းကို ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပေးနိုင်ရန်အတွက် (၁၀.၆.၂၀၁၉)ရက်နေ့တွင် ကျင်းပပြုလုပ်သော ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တင်သွင်းခဲ့ပါတယ်။ သို့ဖြစ်ပါ၍ တင်သွင်းခဲ့သော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး

ဥပဒေကြမ်းကို အတည်ပြုပေးနိုင်ရန် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးကနေတစ်ဆင့် လေးစားစွာ ပန်ကြား အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့)၌ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၈- ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်ကိုယ်စားလှယ် များ က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်က သဘောတူပါသည်။)**

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါ တယ်။